BANKTRACK

JUSTICE FOR MYANMAR

# ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များကျူးလွန်ထားသည့် မြန်မာစစ်အစိုးရ နှင့် ပတ်သတ်ဆက်စပ်လျက်ရှိ သော ကုမ္ပဏီများထံတွင် နိုင်ငံတကာဘဏ်ကြီး ၉ ခု အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံထား

***ထိပ်တန်းစာရင်းဝင် ဘဏ်များထဲမှ Mitsubishi UFJ Financial Group ၊ Sumitomo Mitsui Financial Group၊ JPMorgan Chase ၊ UBS ၊ Credit Suisse ၊ Morgan Stanley ၊ Bank of America, ၊ Wells Fargo နှင့် BNP Paribas တို့မှာ မြန်မာစစ်အာဏာရှင်များနှင့် ဆက်နွယ်မှုများရှိနေ။***

*မေ ၂၇၊ ၂၀၂၁* ။ <u>သုတေသနတွေ့ရှိချက်အသစ်များ</u>အရ နိုင်ငံတကာအဆင့်ဘဏ် ၉ ခု သည် မြန်မာစစ်အာဏာရှင်များနှင့် ဆက်စပ်လျက် ရှိသော ကုမ္ပဏီနှင့် စီးပွားရေးလုပ်ငန်းကြီး ၁၈ ခုတွင် အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံတန်ဖိုးရှိ ရှယ်ယာများကို ဝယ်ယူပိုင်ဆိုင်ထားကြသည်။ အဆိုပါကုမ္ပဏီများသည် မြန်မာစစ်တပ်နှင့်ဖြစ်စေ၊ ဖေဖော်ဝါရီ ၁ရက်နေ့ စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်ထိန်းချုပ်မှုအောက် ရောက်ရှိသွားပြီဖြစ်သော အစိုးရဌာနဆိုင်ရာများနှင့်ဖြစ်စေ စီးပွားရေးလုပ်ငန်းများကို ကာလကြာရှည်စွာ တိုက်ရိုက်ဆက်သွယ် လုပ်ကိုင်လျက်ရှိသည်။ ၎င်းကုမ္ပဏီများတွင် မြန်မာစစ်တပ်ကို ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ရောင်းချလျက်ရှိသော Bharat Electronics Inc၊ မြန်မာစစ်တပ်နှင့် အနီးကပ်ဆုံး စီးပွားဖက်ဖြစ်သော POSCO နှင့် Chevron, Shell, Total အပါအဝင် ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ ၈ခု တို့ ပါဝင်သည်။

ဤသုတေသနလုပ်ငန်းစဉ်ကိုထုတ်ဝေသည့် BankTrack နှင့် Justice For Myanmar အဖွဲ့မှ နိုင်ငံတကာ ဘဏ်များနှင့် အခြားသောရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းကြီးများအား စစ်တပ်နှင့်၊ စစ်တပ်၏ စီးပွားရေး လုပ်ငန်းကြီးများနှင့် ကာလရှည်ကြာစွာတိုက်ရိုက်ဆက်နွယ်မှုရှိသော ကုမ္ပဏီများထံတွင်ရှိသော ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ရုတ်သိမ်းပေးရန်နှင့် စစ်တပ်ထိန်းချုပ်မှုအောက်ရှိ အစိုးရဌာနဆိုင်ရာများထံ ငွေပေးချေနေမှုများ မပြုလုပ်ရန် တောင်းဆိုထားသည်။

**Mitsubishi UFJ Financial Group (MUFG)၊ Sumitomo Mitsui Financial Group (SMFG)၊ JPMorgan Chase၊ UBS၊ Credit Suisse၊ Morgan Stanley၊ Bank of America၊ Wells Fargo နှင့် BNP Paribas** တို့သည် အဆိုပါကုမ္ပဏီကြီး ၁၈ ခုတွင် အမေရိကန်ဒေါ်လာ ၁ ဘီလီယံ ကျော်တန်ဖိုးရှိသော ရှယ်ယာများ အသီးသီးပိုင်ဆိုင်ထားကြသည်။ MUFG ကုမ္ပဏီတစ်ခုတည်းပင် အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် တန်ဖိုးရှိ ရှယ်ယာများ ပိုင်ဆိုင်ထားပြီး **SMFG နှင့် JPMorgan Chase** တို့မှာလည်း အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော် တန်ဖိုးရှိသောရှယ်ယာများ ကိုယ်စီပိုင်ဆိုင်ထားကြသည်။

BANKTRACK

JUSTICE FOR MYANMAR

အထူးအားဖြင့် **Goldman Sachs** ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံအား စစ်တပ်သုံးပစ္စည်းများ ပေးပို့ရောင်းချလျက်ရှိသော Bharat Electronics တွင် ရှယ်ယာ ၅.၇% ပိုင်ဆိုင်ထားသည်။ အဆိုပါဘဏ်အားလုံးသည် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့်ပတ်သတ်၍ အရေးတယူရှိစွာဖြင့် တာဝန်ခံမှုများရှိစေရန် တာဝန်ရှိပေသည်။

OECD ၏ နိုင်ငံတကာကုမ္ပဏီများဆိုင်ရာ လမ်းညွှန်ချက်နှင့် ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်အရေး ဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်း နှစ်ခုလုံးတွင် ဘဏ်လုပ်ငန်းအပါအဝင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများတွင် လူ့အခွင့်အရေးဆိုင်ရာ ကျူးလွန်ဖောက်ဖျက်မှုများ မဖြစ်ပွားစေရန် သို့မဟုတ် လျှော့ချနိုင်ရန်အတွက် ၎င်းတို့၏ဩဇာ၊ အင်အားကို အသုံးပြုလုပ်ဆောင်ရန် တာဝန်ရှိကြောင်း ရှင်းလင်းစွာပြဌာန်းထားပြီးဖြစ်ပါသည်။ အရေးယူလုပ်ဆောင်ရန်ပျက်ကွက်သော ကုမ္ပဏီများထံတွင် ပြုလုပ်ထားသော ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်ရုတ်သိမ်းရန်အတွက်လည်း ရင်နှီးမြှုပ်နှံ သူများထံမှ ယုံကြည်မျှော်လင့်ထားကြသည်။

**Hannah Greep ၊ BankTrack ၏ လူ့အခွင့်အရေးဆိုင်ရာ ကန်ပိန်းလုပ်ဆောင်သူ-** “OECD လမ်းညွှန်ချက် တွေနဲ့ UNGPs အောက်မှာ ဘဏ်တွေဟာဘာတွေလုပ်ရမယ်ဆိုတာ ရှင်းလင်းပါတယ်။ မြန်မာစစ်တပ်နဲ့ ကာလကြာရှည်စွာ တိုက်ရိုက်ဆက်စပ်လုပ်ကိုင်နေတဲ့ ကုမ္ပဏီတွေမှာရှိတဲ့ သူတို့ရဲ့ရင်းနှီးမြှုပ်နှံမှုတွေကို ချက်ချင်းဆိုသလို ရုတ်သိမ်းရမှာပါ။ အခြားကုမ္ပဏီတွေနဲ့လည်း ချိတ်ဆက်လုပ်ကိုင်ရမှာဖြစ်သလို အဲဒီကုမ္ပဏီတွေအနေနဲ့ UN ရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာကြရဖို့နဲ့ စစ်အာဏာရှင်တွေကို ငွေပေးချေမှုတွေ ရပ်ဆိုင်းပေးဖို့ ဖိအားပေးတိုက်တွန်းလုပ်ဆောင်ဖို့လည်း လိုပါတယ်။ အဲ့ဒီလို မလုပ်ဆောင်ဘူးဆိုရင်တော့ ဒီဘဏ်တွေကို မြန်မာစစ်တပ်ကျူးလွန်နေတဲ့ ဆိုးဝါးလှတဲ့ ရာဇဝတ်မှုတွေရဲ့ ကြံရာပါတွေလို့ မှတ်ယူကြရမှာ ဖြစ်ပါတယ်။”

**မရတနာမောင်၊ Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ-** “ကျွန်မတို့ မီးမောင်းထိုးဖော်ပြထားတဲ့ နိုင်ငံတကာဘဏ်တွေဟာ လူ့အခွင့်အရေးအရ တာဝန်ယူမှုရှိရမယ်ဆိုတာ ထင်ရှားရှင်းလင်းပါတယ်။ စစ်တပ်ဟာ သူတို့ရရှိထားတဲ့ စီးပွားရေးအကျိုးအမြတ်တွေကြောင့် အတောမသတ်နိုင်တဲ့ အကြမ်းဖက်မှု တွေကို လုပ်ဆောင်နေနိုင်တာဖြစ်ပြီး ဘဏ်တွေက သိပ်ကိုအရေးအကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေအနေနဲ့ တာဝန်ယူလုပ်ဆောင်ရမှာတွေကို အကြိမ်ကြိမ်ပျက်ကွက်ခဲ့တဲ့ ကုမ္ပဏီတွေ ဆီကနေ သူတို့ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ရုတ်သိမ်းရမှာပါ။ ဒီစီးပွားရေးလုပ်ငန်းတွေနဲ့ ဘဏ်တွေကို အရေးယူ လုပ်ဆောင်မှုတွေလုပ်ဖို့အတွက်က အချိန်တော်တော်ကို ကြာနေပါပြီ။ အခုချက်ချင်းမလုပ်ဘူးဆိုရင် မြန်မာလူမျိုးတွေကို သူတို့ တာဝန်မကျေပျက်ကွက်ရာ ကျပါတယ်။”

BANKTRACK

JUSTICE FOR MYANMAR

Justice For Myanmar ၏ သီးခြားသုတေသနတွေ့ရှိချက်တစ်ခုတွင်လည်း အခြားသောဘဏ်တစ်ခုဖြစ်သည့် **Crédit Agricole** မှာလည်း ထိုကုမ္ပဏီများထဲမှ တစ်ခုဖြစ်သည့် POSCO Asia ၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုကို အမေရိကန်ဒေါ်လာ ၅၀ မီလီယံ ငွေကြေးအာမခံဖြင့် ကျောထောက်နောက်ခံပြု ပေးထားသည်ဟု ဖော်ပြထားသည်။ Myanmar POSCO C&C နှင့် POSCO မှတစ်ဆင့် မြန်မာ့စီးပွားရေး ဦးပိုင်ကုမ္ပဏီလီမိတက်နှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်နေပြီး ထိုလုပ်ငန်း၏အကျိုးအမြတ် ခံစားကြရသူ များတွင် မြန်မာစစ်တပ်၏ တပ်ရင်းများမှ စစ်အရာရှိများ ပါဝင်နေပြီး၊ ၎င်းတို့ထဲမှ အချို့မှာ စစ်ရာဇဝတ်မှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ရာဇဝတ်မှုများကို ကျူးလွန်ထားကြ သူများဖြစ်ကြသည်။ POSCOအနေဖြင့် ဧပြီလကုန်တွင် အဆိုပါဖက်စပ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်တော့မည် မဟုတ်ဟု ကြေညာထား သော်လည်း ယခုထိတိုင် မြန်မာ့စီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက် (MEHL) ထိန်းချုပ်ရာ စက်မှုဇုန်တွင်  ဆက်လက်လုပ်ကိုင်ဆဲဖြစ်နေတာကို တွေ့ရသည်။။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာသီးသန့်လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင်၏ ၂၀၁၉ ခုနှစ် အစီရင်ခံစာအရ မြန်မာစစ်တပ်သည် စီးပွားရေးလုပ်ငန်းကြီး နှစ်ခုဖြစ်သော မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ကိုပိုင်ဆိုင်သည်။ အဆိုပါလုပ်ငန်းကြီး ၂ ခုမှ ချုပ်ကိုင်ထားသော စီးပွားရေး အင်ပိုင်ယာကြီးသည် စစ်တပ်အား တရားမဝင်သော ဥပဒေမဲ့လုပ်ရပ်များ ပြုလုပ်နိုင်ရန် ငွေကြေးအားဖြင့် ခိုင်ခန့်သော အထောက်အပံ့ကို ဖြစ်စေသည်။ ကုလသမဂ္ဂ၏ အချက်အလက် ရှာဖွေရေးမစ်ရှင်အနေဖြင့် နိုင်ငံတကာကုမ္ပဏီများအား ထိုအဖွဲ့အစည်းများနှင့် ၎င်းတို့ကြား ဆက်နွယ်ပတ်သတ်သည်များကို ဖြတ်တောက်ပစ်ရန်နှင့် ထိုသို့ မပြုလုပ်နိုင်ပါက စစ်တပ်အား ငွေကြေးအရင်းအမြစ်များ ထောက်ပံ့မှုတွင် အလိုတူအလိုပါများအဖြစ် မှတ်ယူခံရမည့် အန္တရာယ်အလားလာကို ရင်ဆိုင်ရမည်ဟု ဆိုထားပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းခဲ့သည်မှာ လေးလနီးပါးရှိပြီ ဖြစ်သည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် ကလေးသူငယ် များအပါအဝင် လူပေါင်း ၈၁၀ ကျော်မှာ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရပြီးဖြစ်သည်။ စစ်တပ်မှာ ၎င်းတို့ ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်မှကင်းလွတ်ခွင့် ရနေဆဲပင်ဖြစ်ပြီး စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်တွေအပေါ် ကျူးလွန်သောပြစ်မှုများ ဆက်လက်ကျူးလွန်လျက်ရှိသည်။

ဤ သုတေသနတွေ့ရှိမှု မှာ  Justice For Myanmar မှ မတ်လ ၂၀၂၁ ခုနှစ်က ထုတ်ပြန်ခဲ့သော *"Investing in the Military Cartel: Two Dutch pension funds invest US$2.3 billion in companies linked to the Myanmar military's atrocities"* အစီရင်ခံစာ နှင့် မတ်လ ၂၀၂၁ ခုနှစ်၏ *"Public Companies Financially Supporting the Illegitimate Myanmar Junta"* တို့၏ နောက်ဆက်တွဲဖြစ်သည်။


**ဆက်သွယ်ရန်** -

BankTrack: Hannah Greep လူ့အခွင့်အရေးဆိုင်ရာ ကန်ပိန်းလုပ်ဆောင်သူ, hannah@banktrack.org

Justice For Myanmar: မရတနာမောင်, ပြောရေးဆိုခွင့်ရှိသူ, media@justiceformyanmar.org